# သာမန်ကာလ (၁၃)ကြိမ်မြောက်တနင်္ဂနွေနေ့

ရှင်မာကု ၅း၂၁-၄၃

ယနေ့ ဖတ်ရတဲ့ ဧဝံဂေလိကျမ်းစာမှာ တရားဇရပ်မှူး ဂျိုင်ရု ရဲ့ နှိမ့်နှိမ့်ချချနဲ့ ယုံကြည်ပြီး ဆုတောင်းတဲ့အကြောင်း သိရပါတယ်။ များသောအားဖြင့် လူတွေ ရွေးချယ်ခန့်အပ်ခံရတဲ့ တရားဇရပ်မှူးတွေက ဖါရီဇေဦးတွေနဲ့ အနီးကပ်ဆက်ဆံရေး ကောင်းမွန်ကြတဲ့သူတွေဖြစ်တယ်။ တရားဇရပ်မှူးတွေကို ဖါရီဇေဦးတွေက သခင်ယေဇူးကို အားမပေးဖို့၊ မထောက်ခံဖို့ ညွှန်ကြားထားလေ့ရှိပါတယ်။ ဒါပေမဲ့ ဒီတရားဇရပ်မှူး ဂျိုင်ရုကတော့ သခင်ယေဇူးရှေ့မှာ ပျပ်ဝပ်ပြီး သူ့ရဲ့သမီးလေး သေလုမျောပါးဖြစ်နေတာကို အမြန်ဆုံး ပျောက်ကင်းချမ်းသာရာရစေဖို့ တောင်းလျှောက်ခဲ့ပါတယ်။ သခင်ယေဇူးလည်း သူ့ဆုတောင်းချက်အတိုင်း အိမ်ကို လိုက်ပြီး ကုသပျောက်ကင်းစေဖို့ လိုက်ပါသွားပါတယ်။

အဲ့ဒီလို သွားကြစဉ် လမ်းမှာ သွေးသွန်နာစွဲကပ်နေတဲ့ အမျိုးသမီးက သခင်ယေဇူးရဲ့ သတင်းလည်းကြားရော လူအုပ်ထဲကနေ သခင်ယေဇူးရဲ့ဝတ်ရုံတော်ကို ဘယ်သူမှမသိအောင် တို့ထိလိုက်ပါတယ်။ သူမက တစ်ခြား ရောဂါသည်တွေလို "တပည့်တော်မကို ကုသပေးပါ။ တပည့်တော်မ ဒီလိုဒီလို ရောဂါဖြစ်နေလို့ပါ" လို့ သူ့ရောဂါကို ပြောပြရမှာလည်း ရှက်တယ်။ နောက်တခုပိုဆိုးတာက သူတို့ခေတ်က ဝတ်နည်းအရ သွေးသွန်နာစွဲနေတဲ့ အမျိုးသမီးကို ထိတဲ့သူကလည်း အဲ့ဒီအမျိုးသမီးလိုပဲ မသန့်ရှင်း မစင်ကြယ်တော့ဘူးလို့ အယူအဆ ရှိထားကြပါတယ်။ ဒါကြောင့် သူကလည်း သခင်ယေဇူးကို ထိရင် သခင်ယေဇူးပါ မသန့်ရှင်းတော့မှာ စိုးရိမ်တယ်။ ဒါ ဓမ္မဟောင်းကာလကတည်းက အဲ့ဒီလို သွန်သင်ထားတာပါ။ ဝတ်ပြုရာကျမ်း ၁၅း ၂၅ မှာ ဖတ်ကြည့်လိုက်ရင် "ဥတုမစင်ကြယ်ရာကာလလွန်မှ၊ သွေးသွန်နာ မပျောက်လျှင် အနာမပျောက်မီတိုင်အောင် ဥတုမစင်ကြယ်သကဲ့သို့ မစင်ကြယ်ဖြစ်၏။ အနာမပျောက်မီတိုင်အောင် သူ၏အိပ်ရာသည် ဥတုမစင်ကြယ်သောအိပ်ရာကဲ့သို့လည်းကောင်း၊ ထိုင်ရာသည်လည်း ထိုကဲ့သို့လည်းကောင်း မစင်ကြယ်ဖြစ်၏။ ထိုအရာတို့ကို ထိမိသောသူသည်လည်း မစင်ကြယ်ဖြစ်၏။" လို့ရေးထားပါတယ်။

သခင်ယေဇူးကို မထိပဲ သခင်ယေဇူးရဲ့ဝတ်ရုံတော်ကိုသာ ငါထိရရင်တော့ ပျောက်ကင်းမှာပဲ လို့ သူက ယုံကြည်တယ်။ ဒါကြောင့် သူ ယုံကြည်တဲ့အတိုင်း သူလုပ်တယ်။ အခု လက်တွေ့ ကုသခြင်းခံစားရလိုက်ပါပြီ။ တခါတလေ ကျနော်တို့လည်း ကိုယ်ဖြစ်တဲ့အခက်အခဲက ဘုရားနဲ့ မဖြစ်ဘူး။(နတ်နဲ့မှ ဖြစ်မှာ )။ ဘုရားနဲ့ မဆိုင်ဘူး လို့ ထင်နေရင် မှားပါလိမ့်မယ်။ ဘုရားသခင်ကတော့ ဘယ်လိုအခြေအနေဆိုးဆိုး ကူညီဖို့ အဆင်သင့်ပါပဲ။

အဲ့လို လာထိလို့ သူ့ထံမှ တန်ခိုးထွက်သွားတာကို သိလိုက်တဲ့သခင်ယေဇူးက "ငါ့ကို တို့ထိတာ ဘယ်သူလဲ" လို့ မေးလိုက်ပါတယ်။ တပည့်တော်ကြီးတွေကလည်း "ဒီလောက် လူအုပ်က တိုးဝှေ့နေတာ သိရဲ့သားနဲ့ ငါ့ကို ဘယ်သူထိတာလဲလို့ မေးနေရသေးသလား" လို့ ထင်နေမှာပဲ။ ဟုတ်ပါတယ်။ ဒီအချိန်အခါမှာ သခင်ယေဇူးကို ထိတဲ့လူက အများကြီးပါ။ ဒါပေမဲ့ ယုံကြည်ခြင်းနဲ့ ထိတဲ့လူက တစ်ယောက်တည်း ပါပဲ။ ဒါကို သခင်ယေဇူးက စိတ်ဆိုးလို့ မေးနေတာလည်း မဟုတ်ဘူး၊ မသိလို့

မေးနေတာလည်း မဟုတ်ပါဘူး။ ယုံကြည်ခြင်းကြီးတဲ့ ဒီအမျိုးသမီးကို လူတွေရှေ့မှာ ပွဲထုတ်ချင်လို့ပါ။ ယုံကြည်ဖို့ အရေးကြီးကြောင်းကို သင်ပေးချင်လို့ပါ။ ဒါကြောင့် သခင်ယေရှု မိန့်တော်မူလိုက်တာက "သင်၏ယုံကြည်ခြင်းသည် သင့်ကို ကယ်တင်လေပြီ" တဲ့။ ကျနော်တို့ ယုံကြည်တဲ့ ယုံကြည်ခြင်းက ကျနော်တို့ နေပုံထိုင်ပုံတွေ ပြောင်းလဲသွားစေတယ်၊ စိတ်ကောင်းနှလုံးကောင်း ရှိလာစေတယ်။ အဲ့ဒီလိုနဲ့ ကျနော်တို့ရဲ့ ယုံကြည်ခြင်းက ကျနော်တို့ကို ပျက်စီးခြင်းမှ ကယ်လိုက်တာပါ။ အမျိုးသမီးက သူ ယုံကြည်တဲ့အတိုင်း သူ လုပ်လိုက်တာပါပဲ။ လုပ်ဆောင်ချက်မပါတဲ့ယုံကြည်ခြင်းကို ယုံကြည်ခြင်းလို့တောင် ခေါ်လို့ မရတော့ပါဘူး။ အဲဒါ ယုံကြည်ခြင်း မဟုတ်တော့ဘူး။

အဲ့ဒီလို လမ်းမှာ ဖြစ်ပျက်နေတုံး တရားဇရပ်မှူးရဲ့အိမ်က လူလွှတ်ပြီး ပြောခိုင်းလိုက်တာက "ခင်ဗျားသမီး သေပြီ။ သခင်ယေရှုကို ဒုက္ခမရှာပါနဲ့တော့ " တဲ့ ။ တရားဇရပ်မှူးလည်း ဘာဆက်လုပ်ရမှန်းမသိ စိတ်ရှုပ်နေပါတော့တယ်။ သခင်ယေရှုအတွက်တော့ အလာကောင်းပေမဲ့ အခါနှောင်းသွားပြီ ၊ လမ်းမှာကြာနေလို့ အခုတော့ သမီးလေးအသက် မမီတော့ဘူး ဆိုတာမျိုး မရှိပါဘူး။ ဘုရားအလိုရှိရင် ဘာမဆိုဖြစ်နိုင်ပါတယ်။ အချိန်က ဘုရားအတွက်တော့ အသေးအမွှားပါပဲ။ ဒါကြောင့် ကျနော်တို့လည်း အချိန်နောက်ကျမှ အခုမှ သိလိုက်ရလို့ အခုမှဆုတောင်းရတာကို မဖြစ်နိုင်တော့ပါဘူးလို့ လက်လျှော့ အရှုံးမပေးရပါဘူး။ ဒါကြောင့် သခင်ယေရှု မိန့်တော်မူလိုက်တာက " မစိုးရိမ်နှင့် ။ ယုံကြည်ခြင်းသာ ရှိလော" တဲ့ ။ ကျနော်တို့ အခက်အခဲကြုံတိုင်းမှာ အခု မိန့်တော်မူတဲ့ သခင်ယေရှုရဲ့ နှုတ်တော်ထွက်စကားကို သတိယပါ။ "မစိုးရိမ်နှင့် ။ ယုံကြည်ခြင်းသာ ရှိလော" ။ တရားဇရပ်မှူးလည်း စိတ်ပျက်နေရာကနေ ဘုရားသခင်ရဲ့နှုတ်တော်ထွက်စကားကြောင့် မျှော်လင့်လာပါတယ်။

နာရေးဖြစ်နေတဲ့ တရားဇရပ်မှူးအိမ်မှာ လူတွေက အော်ဟစ်ငိုကြွေးနေတာကို သခင်ယေရှုက "ဘာလို့ ငိုနေကြတာလဲ။ ကလေးမက သေနေတာ မဟုတ်ဘူး၊ အိပ်ပျော်နေတာ" လို့ မိန့်တော်မူလိုက်ပါတယ်။ သခင်ယေရှုရဲ့စိတ်ထဲမှာ အမြဲ မျှော်လင့်နေတယ်၊ ဒါကြောင့် သင့်ပြဿနာတွေကို သခင်ယေရှုမြင်သလို မြင်တွေ့ပါ။ မျှော်လင့်ပါ။ ဘယ်တော့မှ စိတ်မပျက်ပါနဲ့။ တကယ်တမ်း သေနေတာကို အိပ်ပျော်နေတာပါလို့ ပြောတာကို ဘေးကလူတွေက ရီကြပါတယ်။ ယခုခေတ်လောကမှာ ဘုရားသခင်ရဲ့ နှုတ်တော်ထွက်စကားကို လူတွေက ရီချင်နေကြပါတယ်။

ယခုခေတ် ပြန်ပေးဆွဲ လုယက် လူသတ်နေတာကို ကျနော်တို့က "မင်းတို့ ဒီလိုအပြစ်တွေလုပ်ရင် မင်းတို့သေတဲ့အခါ ထာဝရငရဲဒဏ် ခံရလိမ့်မယ်" လို့ ပြောရင် သူတို့က ရီကြပါလိမ့်မယ်။ "ရန်သူကို ချစ်လော၊ အကြိမ် (၇၀) (၇)လီ ခွင့်လွှတ်ပါ" လို့ ပြောရင် သူတို့က ရီကြပါလိမ့်မယ်။ မယုံရင် ပြောကြည့်လိုက်ပါ။

ဒါပေမဲ့ သူတို့က ဘယ်လောက်ပဲ ပြောင်လှောင်သရော်ပါစေ သခင်ယေရှုကတော့ ဒီကလေးမကို သေရာမှ ပြန်ရှင်ပေးလိုက်ပါတယ်။ ဘုရားဆိုတာ အသက်ပေးနိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ် ဆိုတာ ယုံပြီလား။ အဲ့ဒီဘုရားက သင့်ကိုလည်း ထာဝရအသက်ပေးမယ်လို့ ကတိတော်ထားတာကို သင် မျှော်လင့်ရဲ့လား။ ဒါမှမဟုတ် လောကရဲ့ ပြဿနာအခက်အခဲတွေအကြားမှာ သင် စိတ်ပျက်နေပြီလားဆိုတာ ကိုယ့်ကိုယ်ကို စမ်းစစ်ကြည့်ပါ။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့် ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။